ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ယမကာတင်သွင်းခွင့်မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့်သတင်းလွှာ (၉ /၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဇွန်လ ၁၁ ရက်

အကြောင်းအရာ။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လျှောက်ထားခြင်း၊ပြင်ဆင်ခြင်း၊သက်တမ်းတိုးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးအာမခံနိုင်သော ကုန်စည်များရောင်းချသုံးဆောင်နိုင်ရန်၊ တရားမဝင်တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်၊ နိုင်ငံတော်အတွက် အခွန်အခများအပြည့်အဝရရှိနိုင်ရန် ၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀) ဖြင့် အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။

၂။ လက်ရှိ ဝိုင်တင်သွင်းခွင့်မှတ်ပုံတင် ရရှိထားသူများအနေဖြင့် အရက်တင်သွင်းလိုပါက ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်အား ပြန်လည်အပ်နှံကာ ယမကာတင်သွင်းခွင့်မှတ်ပုံတင်ကို လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ တင်သွင်းနိုင်သည်။

၃။ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀) ပါ အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းများ၏ အပိုဒ် (၁၅) အရ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး ၊ မှတ်ပုံတင်ပြင်ဆင်ကြေးများကို ပူးတွဲပါ အတိုင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## ယမကာတင်သွင်းခွင့်မှတ်ပုံတင်လျှောက်ထားခြင်း

**ယမကာတင်သွင်းခွင့် မှတ်ပုံတင်သက်တမ်းကာလ ၊ မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး**

၁။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်၏ သက်တမ်းကာလ၊ မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေးများကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

(က) ယမကာတင်သွင်းခွင့်မှတ်ပုံတင်သက်တမ်းအား (၁)နှစ် ခွင့်ပြုမည်။

(မှတ်ချက်။ ယမကာတင်သွင်းခွင့်မှတ်ပုံတင် လျှောက်ထားချိန်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းနှင့် ယစ်မျိုးလိုင်စင်သက်တမ်းတို့အနက် နည်းရာသက်တမ်းအတိုင်းသာ ခွင့်ပြုမည်ဖြစ်သည်။)

(ခ) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအား တစ်ကြိမ်လျှင်(၁)နှစ်တိုးမြှင့်ခွင့်ပြုမည်။

(ဂ) မှတ်ပုံတင်ကြေးမှာ ကျပ် ၅၀,၀၀၀ ဖြစ်သည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးကြေးမှာ (၁)နှစ်အတွက် ကျပ် ၅၀,၀၀၀ ဖြစ်သည်။

(င) မှတ်ပုံတင်ပြင်ဆင်ကြေးမှာ ပြင်ဆင်ချက်တစ်မျိုးလျှင်ကျပ် ၁၀,၀၀၀ ဖြစ်သည်။

**ယမကာတင်သွင်းခွင့်မှတ်ပုံတင် (သက်တမ်းတိုး) လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ**

၂။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်(သက်တမ်းတိုး) လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်-

(က) ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ကုမ္ပဏီ/ အသင်းအဖွဲ့ Letter Head နှင့် လျှောက်လွှာ

(Myanmar Companies Online-My.Co) တွင်ပါဝင်သည့် မှတ်ပုံတင်အမှတ် ထည့်သွင်း ဖော်ပြရမည်။)

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွင့်ပြုလိုင်စင် FL-11 သို့မဟုတ် FL-4 ၊FL-5 (မူရင်း)

(ဂ) ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် (မူရင်း)

(ဃ) Exclusive Distributorship/Exclusive Dealership အဖြစ် ဖြန့်ချိရောင်းချခွင့်သက်တမ်းရှိစာချုပ်

(င) ကုမ္ပဏီ / အသင်းအဖွဲ့များ၏ ဒါရိုက်တာအဖွဲ့ဝင်ကိုယ်တိုင် မဟုတ်ပါက ကိုယ်စားလှယ်ကတ်နှင့် ကိုယ်စားလှယ်လွှဲစာ

ယမကာတင်သွင်းခွင့်မှတ်ပုံတင်ပါအချက်များ (ပြင်ဆင်)ရန် လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ

၃။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်ပါအချက်များ(ပြင်ဆင်)ရန်အတွက် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ကုမ္ပဏီ / အသင်းအဖွဲ့ Letter Head နှင့် လျှောက်လွှာ
(Myanmar Companies Online-My.Co)တွင် ပါဝင်သည့် မှတ်ပုံတင်အမှတ် ထည့်သွင်းဖော်ပြရမည်။)

(ခ ) ယစ်မျိုးလိုင်စင်ပါအမည်ပြောင်းလဲပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွင့်ပြု လိုင်စင်FL-11 သို့မဟုတ် FL-4 ၊FL-5(မူရင်း)

(ဂ ) ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် (မူရင်း)

(ဃ) ကုမ္ပဏီ/ အသင်းအဖွဲ့များ၏ ဒါရိုက်တာအဖွဲ့ဝင် ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်ကတ်နှင့် ကိုယ်စားလှယ်လွှဲစာ